# အတွေးအခေါ် ကွန့်မြူးပါ။



အင်မတန်နည်းတဲ့ အရင်းအမြစ်ပဲ ရှိတာတောင်မှ အတွေးခေါ် ကွန့်မြူးနိုင်ရင် သတင်းအချက်အလက်ကို လူ့ပ်ရှားမှုအဖြစ်ပြောင်းနိုင်ပါတယ်။ ဒီကဒ်ထဲမှာပါတဲ့ ACTIVITY တွေဟာ ပါဝင်လုပ်ဆောင်မယ့် လုပ်ဖော်ကိုင်ဖက်တွေ၊ ထောက်ခံသူတွေနှင့် လက်တွဲဖော်တွေကို ပစ်မှတ်ထားတဲ့ ပရိသတ်ကို သတင်းပေးလှုံ့ဆော်လှုံ့ဆော်လှုပ်ရှားမိုးနိုင်တဲ့ စည်းရုံးလှုံ့ဆော်ရေးတစ်ခုကို ဘယ်လိုဆန်းသစ်တီထွင်ပြီး ဒီဇိုင်းလုပ်မည်လည်းဆိုတာနှင့် ပတ်သက်ပြီး ကူညီပေးပါတယ်။

ဒီကဒ်မှာ ဆန်းသစ်ထူးခြားတဲ့ စည်းရုံးလှုံ့ဆော်ရေးနှင့် ပတ်သတ်ပြီး  အရေးကြီးတဲ့ ရှုထောင့် လေးခုအကြောင်း တင်ပြထားပါတယ်။

၁။ **အာရုံဖင်စားခြင်း (Inspiration)** - သတင်းအချက်အလက် လူ့ပ်ရှားမှုအကြောင်း ဥပမာများကို ကြည့်ခြင်းဟာ အာရုံဖင်စားမှု ပေးနိုင်ပါတယ်။ ဒီနည်းနဲ့ အကြံညဏ်များ ရလာတတ်တယ်။

၂။ **ဆန်းသစ်တီထွင်မှု** - ပရိသတ်ကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ဖို့ အိုင်ဒီယာအသစ်တွေနဲ့ အိုင်ဒီယာကို ဖော်ထုတ်ပြနိုင်မယ့် နည်းလမ်းအသစ်တွေ လိုပါတယ်။

၃။ **ရှုထောင့်** - လူတွေကို တက်ကြွအောင်လှုံ့ဆော်တဲ့ စည်းရုံးလှုံ့ဆော်ရေး အဖွဲ့အစည်းတခုဖန်တီးဖို့ သင့်အနေနဲ့အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးက ကြည့်တတ်ရပါမယ်။

၄။ **အိုင်ဒီယာများ** - အဖွဲ့နဲ့ လုပ်ဖော်ကိုင်ဖက်များကို အိုင်ဒီယာအသစ်များရအောင် စဉ်းစားခိုင်းပြီး ရလာတဲ့ အိုင်ဒီယာများကို စမ်းသပ်ပြီး ဘယ်အိုင်ဒီယာက အလုပ်ဖြစ်မလဲ ဆိုတာကို သိအောင် ပံ့ပိုးကူညီပေးရပါမယ်။

## အာရုံဝင်စားခြင်း (Inspiration)

အာရုံဝင်စားတယ်ဆိုတာ ပြောရရင် အသက်ရှူသွင်းလိုက်သလိုပါပဲ။ ကျနော်တို့အားလုံး အာရုံဝင်စားခံရတယ်ဆိုတာ ကြုံဖူးကြမှာပါ။ ပြင်ပအာရုံများက ကျနော်တို့ကို အခြေအနေတခုကို ကွဲပြားစွာနားလည်အောင်လုပ်လိုက်တာမျိုး (သို့) မစဉ်းစားမိလောက်တဲ့ အရာတခုလုပ်လိုက်မိတာမျိုး စတာတွေဖြစ်နိုင်ပါတယ်။ ကျနော်တို့ကို လှုပ်ရှားမှုတခုလုပ်ဖြစ်သွားအောင် လှုံ့ဆော်လိုက်တဲ့ အရာတွေကို ပြန်သုံးသပ်ပြီး အခြားသူများကို ဘယ်လို အာရုံဝင်စားအောင် လှုံ့ဆော်လို့ရတယ်ဆိုတာ သိနိုင်ပါတယ်။

**လုပ်ဆောင်ရန် - ၁ - ညဏ်အလင်းပွင့်စေတဲ့ (Inspiration) စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုတွေကို သုံးသပ်ခြင်း**

၁။ ရှိပြီးသား စည်းရုံးလှုံ့ဆော်ရေးများကို လေ့လာခြင်းဟာ စိတ်ကူးစိတ်သန်းကောင်းစေခြင်းနှင့် အိုင်ဒီယာများထွက်ပေါ်လာအောင်လုပ်ခြင်းအတွက် အသုံးဝင်ပါတယ်။ ပါဝင်သူတိုင်းကို အရေးကိစ္စနဲ့ပတ်သက်ပြီး သူတို့အထင်တွေပြောင်းသွားအောင်လုပ်နိုင်တဲ့ စည်းရုံးလှုံ့ဆော်ရေးတခု တင်ပြခိုင်းပါ။ ဒါဟာ ဝဘ်ဆိုဒ်တခု၊ လမ်းမပေါ်က ဆန္ဒပြပွဲတပွဲ၊ ဗီဒီယိုတကား၊ ပိုစတာတချပ်၊ ကြော်ငြာတခု စသည်ဖြင့် အပြောင်းအလဲတခုအတွက် စည်းရုံးလှုံ့ဆော်ရေး ပျံ့ပွားအောင်လုပ်တဲ့ သူ့ရဲ့ အဓိကကျတဲ့ သတင်းအချက်အလက်ပါရှိတဲ့ ဘယ်လိုတပိုင်းတဒေသမျိုး မဆိုဖြစ်ပါတယ်။ ခေါင်းဆောင်ပါဝင်သူက သူတို့တင်ပြတဲ့ မှတ်တမ်းကို မြင်ဖူးချင်မှ မြင်ဖူးမယ်။ ဒါပေမဲ့ ပြဿနာမရှိပါဘူး။ အဖွဲ့ဝင်တွေအနေနဲ့ ရိုးရှင်းစွာပဲ လက်နဲ့ဆွဲထားတဲ့ ဇယားပုံတခုပြပြီး တင်ပြနိုင်ပါတယ်။ ထိုဇယားပုံမှာ ထည့်သွင်းနိုင်တာတွေကတော့ -

- ပထမဆုံးအကြိမ် ဒီစည်းရုံးလှုံ့ဆော်ရေးကို သတိထားမိချိန်က သူတို့ဘယ်မှာရှိနေခဲ့တယ်။
- ဖြစ်ပွားခဲ့တဲ့ လှုပ်ရှားမှုက ဘာအတွက်ဆိုတာနှင့် ဘယ်တွေအောင်မြင်ရရှိခဲ့တယ်။
- ဘာကြောင့် ဆန်းသစ်တယ်။
- ဒီစည်းရုံးလှုံ့ဆော်ရေးကို လေ့လာမှုကြောင့် ဘယ်လိုစိတ်ကူးစိတ်သန်းတွေ ရရှိခဲ့တယ်။

၂။ ပါဝင်လှုပ်ရှားသူတိုင်း သူတို့ရွေးချယ်ထားတဲ့ စည်းရုံးလှုံ့ဆော်ရေးလှုပ်ရှားမှုအကြောင်းကို ၂ မိနစ် ၃ မိနစ်စာလောက် နောက်ဆက်တွဲမေးခွန်း ၁ခု ၂ခု နဲ့အတူ တင်ဆက်သင့်ပါတယ်။ ပါဝင်လုပ်ဆောင်သူတွေဆီမှာ ကြော်ညာချက်မိတ္တူတို့၊ ဓာတ်ပုံတို့ စသည်ဖြင့်မှတ်တမ်းမှတ်ရာ ရှိနေမယ်ဆိုရင်တော့ အဖွဲ့ကို ပြသနိုင်ပါတယ်။ တင်ပြချက်ပြုလုပ်နေစဉ်အတွင်းမှာ နားထောင်သူများဟာ ကပ်ခွာစက္ကူတွေသုံးပြီး စာလုံးရေနည်းနည်းနဲ့ လှုပ်ရှားမှုအတွက် အသုံးချခဲ့တဲ့ နည်းဗျူဟာတွေ၊ အမျိုးအစားပုံစံတွေအကြောင်း မှတ်သားနိုင်ပါတယ်။ အခြားကပ်ခွာစက္ကူတွေပေါ်မှာတော့ ဘယ်လိုပရိသတ်အမျိုးအစားအတွက် ရည်ရွယ်တယ်ဆိုတာ သတ်မှတ်ပါ။ အားလုံးက တူညီတဲ့အကြောင်းအရာတွေကိုပဲ ရည်ညွှန်းနေတာ သေချာအောင် အောက်ပါ ဖွင့်ဆိုချက်များကို လေ့လာပါ။

**နည်းဗျူဟာ** - သတ်မှတ်ထားတဲ့ ပရိသတ်ဆီ ပစ်မှတ်ထားဖို့အတွက် သင်အသုံးပြုတဲ့ ချဉ်းကပ်မှု။ နည်းဗျူဟာက ပရိသတ်ရဲ့အကြိုက်၊ အလေ့အထ၊ စိတ်ပါဝင်စားမှု နဲ့ သူတို့တန်ဖိုးထားတဲ့ စနစ်နဲ့ ငြိရပါမယ်။ နည်းဗျူဟာထဲမှာ ငယ်ရွယ်တဲ့ပရိသတ်ကိုဆွဲဆောင်ဖို့ ဟာသထည့်သွင်းပါ။ စုပေါင်းလှုပ်ရှားမှုတွေဖြစ်ပေါ်လာဖို့ အဖွဲ့အလိုက်စည်းရုံးမှုတွေပြုလုပ်ပါ။ မက်ဆေ့ချ်တခု ရှင်းလင်းစွာပြတ်သားစွာ ပျံ့နှံ့ဖို့အတွက် ရှုပ်ထွေးတဲ့ အချက်တွေကို မြင်သာအောင်လုပ်ပါ၊ (သို့) ပြဿနာရဲ့ အကျိုးအာနိသင်တွေကို သိသာအောင် ကိုယ်တွေ့အဖြစ်အပျက်များကို ထုတ်လွှင့်ပါ။
**အမျိုးအစားပုံစံများ** - ကြားခံ (သို့) စည်းရုံးလှုံ့ဆော်ရေး သို့မဟုတ် လှုပ်ရှားမှုတခုရဲ့အနေအထားများ - ဥပမာ၊ လမ်းပေါ်က ပြဇာတ်ရုံများ၊ ကာတွန်းပြကွက်၊ ဗီဒီယိုမှတ်တမ်းမှတ်ရာ၊ ရေဒီယိုအစီအစဉ်၊ ဘလော့ဂ်များ၊ လူမှုဆက်ဆံရေး ကွန်ယက်အဖွဲ့တွေ။
**ပရိသတ်** - လက်လှမ်းမီဖို့ကြိုးစားနေတဲ့ လူထု။ သင်ပစ်မှတ်ထားတဲ့ပရိတ်သတ် (ဆိုလိုတာက လိုချင်တဲ့ အပြောင်းအလဲဖြစ်လာအောင် လုပ်ဆောင်နိုင်စွမ်းရှိတဲ့ လူတွေ) နဲ့အတူ ပါဝင်လုပ်ဆောင်မယ့် ပရိသတ် (ပစ်မှတ်ထားတဲ့ ပရိသတ်ကို လွှမ်းမိုးနိုင်အောင် ကူညီပေးနိုင်တဲ့ လူစု) တို့လည်း ပါဝင်ပါတယ်။

၃။ အဆင့် ၂ မှာတုန်းက လုပ်ထားတဲ့ ကပ်ခွာစက္ကူနုတ်စ်တွေကို ဘုတ် (Board) သို့မဟုတ် နံရံပေါ်မှာ ထားပါ။ "နည်းဗျူဟာ/ပုံစံ" နုတ်စ်တွေကို ဘယ်ဘက်တစ်ဖက်မှာ ကပ်ထားပြီး "ပရိသတ်" နုတ်စ်တွေကိုတော့ ညာဘက်မှာ ကပ်ထားလိုက်ပါ။ နောက် ဘယ်ပရိသတ်အတွက် ဘယ်နည်းဗျူဟာနှင့်အမျိုးအစားက အကောင်းဆုံးဖြစ်မလဲဆိုတာကို တွဲဖက်ကြည့်ပြီး ထိုနှစ်ဖက်ကြား လိုင်းများဆွဲပြီး မှတ်ထားလိုက်ပါ။ ဤနည်းက လက်လှမ်းမီလိုတဲ့ ပရိသတ်ဆီရောက်ဖို့ ဘယ်နည်းဗျူဟာသုံးရမလဲဆိုတာ ရှာတွေ့ဖို့ ကူညီပေးပါတယ်။

## ဆန်းသစ်တီထွင်မှု

ဆန်းသစ်တီထွင်ခြင်းပြုလုပ်ဖို့အတွက် ဘောင်အတွင်းကဖောက်ထွက်ပြီး စဉ်းစားတွေးခေါ်တတ်ဖို့ လိုပါမယ်။ ဒါမှသာ နည်းလမ်းအသစ်များနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှာပါ။ ချွေးပြန်စရာလို့ထင်ရပေမယ့် တကယ်တော့ ရှိပြီးသား အမျိုးအစားပုံစံများ၊ Tool များနဲ့ နည်းဗျူဟာများကို အမြင်သစ်နှင့်အသုံးချတာပါပဲ။ အောက်ပါလုပ်ဆောင်ရန် (Activity) များက စည်းရုံးလှုံ့ဆော်ရေးနဲ့ ဆက်စပ်တဲ့ ဆန်းသစ်တဲ့အိုင်ဒီယာများရအောင် ကူညီပေးပါလိမ့်မယ်။ ပါဝင်သူများအနေနှင့်လည်း ဒီလှုပ်ရှားမှုအတွက် သမားရိုးကျ အတွေးအခေါ်များကို နောက်ချန်ထားရစ်ခဲ့သင့်ပါပြီ။ ရည်ရွယ်ချက်ကတော့ ဒီအိုင်ဒီယာက လက်တွေ့မှာ အလုပ်လုပ်ပါ့မလား ဆိုတဲ့ အဆီးအတား၊ စိုးရိမ်ပူပမ်မှုတွေ ကင်းမဲ့စွာ လွတ်လွတ်လပ်လပ် တွေးခေါ်ရန်ဖြစ်ပါတယ်။

**လုပ်ဆောင်ရန် - ၂ - ဘောင်ထဲမှထွက်၍ စဉ်းစားတွေးခေါ်ခြင်း**

၁။ ပါဝင်သူများကို စိတ်ကူးနဲ့ ဖမ်းဆုပ်ကိုင်မရတဲ့ ကောက်ချက်များကို ကိုယ်စားပြုခိုင်းပါ။ (သို့) စည်းရုံးလှုံ့ဆော်ရေးနဲ့ဆက်စပ်တဲ့ ပတ်ဝန်းကျင်အတွင်းမှာ လုပ်ကိုင်နေတယ်လို့ စိတ်ကူးယဉ်ခိုင်းကြည့်ပါ။ ဒီလိုခေါင်းစဉ်ကွဲတဲ့ ဇာတ်ရုပ်အောက်ကနေ စည်းရုံးလှုံ့ဆော်ရေးအတွက် အိုင်ဒီယာတွေ ရလာလောက်ပါတယ်။ ဥပမာ - ရာသီဥတုဆိုးရွားစွာပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်နေပြီ ဆိုပါစို့၊ အဖွဲ့သားတယောက်ကို ပိုလာဝက်ဝံတကောင် (သို့) ပင်လယ်တစ်စင်းအနေနဲ့ ဘယ်လိုရှုထောင့်ရှိနေမယ်ဆိုတာ မှန်းဆခိုင်းပါ။ အခြားလူများကိုလည်း သူတို့ကိုယ်သူတို့ ပုံသန်းနိုင်တယ်လို့ စိတ်ကူးယဉ်ကြည့်ပါစေ။ ဤကဲ့သို့ပြုမူလုပ်ဆောင်ခြင်းဖြင့် လူတွေဟာ ကိုယ်ရဲ့တွေးခေါ်နေကျပုံစံတွေ ကြိုတင်ကောက်ချက်ချမှုတွေရဲ့ အပြင်ဘက်ကနေ ကြည့်မြင်တတ်လာမှာ ဖြစ်ပါတယ်။ အဖွဲ့သားတိုင်း အရေးကိစ္စနဲ့ ပတ်သက်တဲ့ သူတို့ အမြင်သစ်ကို ပုံဆွဲ၍သော်လည်းကောင်း၊ မြေပုံပေါ်နေရာချ၍သော်လည်းကောင်း ဖော်ပြပြီး အဖွဲ့ကို ရှင်းပြနိုင်ပါတယ်။

၂။ ဒီတင်ပြချက်များကို ကြည့်ရှုလေ့လာနေတဲ့ သူတိုင်း စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်ပြီး ကွဲပြားတဲ့ အမြင်နဲ့မြင်နိုင်ရန် စိတ်ကူးစိတ်သန်းကောင်းရသွားပါက မှတ်စုအနေနှင့် ချမှတ်ထားသင့်ပါတယ်။ အဖွဲ့အနေနဲ့လည်း လှုပ်ရှားမှုနဲ့ပတ်သက်တဲ့ ဆန်းသစ်တဲ့အရှိန်ကောင်းတခု ရှိနေမယ်ဆိုရင် သူတို့အနေနဲ့ ဆန်းသစ်တဲ့ တွေးခေါ်မှုနည်းလမ်းများ ရှာဖွေတွေ့ပြီး လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

## ရှုထောင့်

တခါတလေ ကိုယ့်စည်းရုံးလှုံ့ဆော်ရေးနဲ့ ပတ်သက်ပြီး ပေးချင်တဲ့မက်ဆေ့ချ်ကို လူတွေနားလည်တယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ တကယ့်တကယ်တော့ သူတို့နေရာကနေမြင်တဲ့ သူတို့ရှုထောင့်ကနေ ကြည့်ဖို့ မကြိုးစားဖူးသေးပါဘူး။ "စည်းရုံးလှုံ့ဆော်ရေးနည်းဗျူဟာ" အကြောင်း အခြေခံကဒ်တွေကို လေ့လာပြီးပြီဆိုရင်တော့ လွှမ်းမိုးချင်တဲ့ ပရိသတ်နဲ့ လှုံ့ဆော်လိုတဲ့ အဖွဲ့အစည်း ဘယ်ဟာတွေကို ပစ်မှတ်ထားမယ်ဆိုတာ ဆန်းစစ်ပြီးလောက်ပါပြီ။ ဒီစာရင်းကို သုံးပြီး ဒီလေ့ကျင့်ခန်းကို လုပ်ပါ။ တကယ်လို့ ပစ်မှတ်ထားမယ့် ပရိသတ်နဲ့ ပါဝင်ဆောင်ရွက်မယ့် အဖွဲ့စာရင်း မလုပ်ရသေးဘူးဆိုရင်တော့ အခုလုပ်လိုက်ပါတော့။

**လုပ်ဆောင်ရန် - ၃ - သင်ပစ်မှတ်ထားတဲ့ ပရိသတ်နဲ့ ပါဝင်တဲ့ အဖွဲ့များရဲ့ ရှုထောင့်က ကြည့်မြင်ခြင်း**

၁။ လူတယောက်ချင်းစီကို ပစ်မှတ်ထားတဲ့ ပရိသတ် (သို့) ပါဝင်ပူးပေါင်းတဲ့ လူမှုအဖွဲ့အစည်းတခုကို ဓာတ်ပုံနဲ့တင်ပြတဲ့လေ့ကျင့်ခန်းမှာ ပါဝင်ခိုင်းပါ။ ဓာတ်ပုံတိုင်းမှာ သိသာထင်ရှား နားလည်လွယ်တဲ့ ခေါင်းစဉ် တစ်ခုရှိပါစေ။ ဥပမာ - အိန္ဒိယရဲ့ရာသီဥတုဆိုးရွားစွာ ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး လုပ်နေတယ်ဆိုရင် "ကျေးလက်လူငယ်"၊ "မြို့နေ ကြွယ်ဝတဲ့ အထက်တန်းစားမိသားစု"၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒရေးဆွဲသူ"၊ "ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိုးရမဟုတ်သော အဖွဲ့အစည်းများ"၊"ကျောင်းသားကလေးငယ်များ"၊ "လေထုညစ်ညမ်းစေသော စက်ရုံလုပ်ငန်း၏ အမှုဆောင်အရာရှိချုပ်" စသည်ဖြင့်။ ခေါင်းစဉ်တခုအနေနဲ့ ယေဘုယျ (သို့) တိကျသေချာခြင်း၊ နိုင်ငံရေးခေါင်းဆောင်များနဲ့ အဖွဲ့အစည်းများနာမည်ပေးခြင်း စသည်ဖြင့် ဖြစ်နိုင်ပါတယ်။ လူတယောက်ချင်းစီတိုင်း ကိုယ်တိုင်ပြော ဇာတ်လမ်းတိုလေးများနဲ့ ထွက်လာသင့်ပါတယ်။ ဒါမှသာ စည်းရုံးလှုံ့ဆော်ရေး အရေးကိစ္စအကြောင်း ပြသတဲ့ဓာတ်ပုံထဲက ထိုပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းရဲ့ခံစားချက်ကို ရှင်းပြနိုင်မှာဖြစ်ပါတယ်။

၂။ တယောက်ချင်းစီကို သူတို့ဇာတ်လမ်းများကို စိတ်အားထက်သန်စွာဖြင့်၊ ကိုယ်ချင်းစာနာမှုဖြင့် ကိုယ်တိုင်ဖြစ်နေသလို ပြောဆိုနိုင်ရန် အချိန်နှစ်မိနစ်ပေးပါ။ ပါဝင်သူများကလည်း ဘာကြောင့်သူတို့ဒီလိုခံစားရတယ်၊ စည်းရုံးလှုံ့ဆော်ရေးကို ထောက်ခံဖို့ဘယ်လိုအားပေးခံရတယ် နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမရှိနိုင်အောင် ဘယ်လိုတားဆီးခံခဲ့ရတယ် စသည့်မေးခွန်းများ မေးသင့်ပါတယ်။

# အိုင်ဒီယာများ

သတင်းအချက်အလက်ကို လှုပ်ရှားမှုပြောင်းပစ်ဖို့ အိုင်ဒီယာတွေရှိဖို့ လိုအပ်ပါတယ်။ အိုင်ဒီယာတွေအများအပြားရှိနေခဲ့ရင် ရည်မှန်းချက်တွေပြည့်မီရေးအတွက် အကောင်းဆုံးအလုပ်ဖြစ်မယ့် အိုင်ဒီယာကို ရွေးဖို့အလွယ်ဆုံးဖြစ်မှာပါ။ အောက်ပါ လုပ်ဆောင်ရန်များက အိုင်ဒီယာတွေထွက်လာစေဖို့ကူညီပေးနိုင်ပါတယ်။

**လုပ်ဆောင်ရန် - ၄ - ဦးနှောက်ကို အလုပ်ပေး၊ မောင်းနှင်စဉ်းစား၍ ရလာသော အိုင်ဒီယာများအား စမ်းသပ်ခြင်း။**

၁။ ပါဝင်သူတွေကို အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ပါ။ ထို့နောက် "ပုံကြီးချဲ့ခြင်း" နဲ့ "မှေးမှိန်အောင်လုပ်ခြင်း" လို့နာမည်ပေးလိုက်ပါ။ ပထမအဖွဲ့ကို စည်းရုံးလှုံ့ဆော်ရေး မက်ဆေ့ချ်နှင့် ပတ်သက်တဲ့ အကောင်းမြင်ပြီး ရိုးသားတဲ့၊ သာလွန်ကောင်းမွန်တဲ့၊ လက်တွေ့သိပ်မဆန်တဲ့ အိုင်ဒီယာများစဉ်းစားခိုင်းပါ။ ဒုတိယအဖွဲ့ကို ရှုတ်ချပြီး အဆိုးမြင်တဲ့ အိုင်ဒီယာများ စဉ်းစားခိုင်းပါ။ ပါဝင်လုပ်ဆောင်သူများကို သူတို့ရဲ့အိုင်ဒီယာများအကြောင်း ပုံဆွဲမကောင်းရင်တောင်မှ ရှင်းလင်းတဲ့ ပိုစတာများပြုလုပ် ပုံဖော်ခိုင်းပါ။ ထို့အပြင် သူတို့ကို ထောက်ခံစေမယ့် ကြွေးကြော်သံတခုကို စဉ်းစားခိုင်းပါ။ ပိုစတာတွေကို နံရံမှာကပ်ပြီး အားလုံးကို လျှောက်ကြည့်ခိုင်းပါ၊ စည်းရုံးလှုံ့ဆော်ရေးအတွက် အသုံးဝင်နိုင်မယ့် ဘာမဆိုကို ကပ်ခွာစက္ကူတွေပေါ်မှာ နတ်စ်ချရေးခိုင်းထားပါ။

၂။ နောက် ဒီနတ်စ်တွေကို ဘုတ်များပေါ်ကပ်ပြီး ဖြစ်နိုင်ရင် အမျိုးအစားခွဲပြီး (တူနေတာတွေကို ဖယ်ထုတ်လိုက်ပါ) နံပါတ်စဉ်အလိုက် အကောင်းဆုံး အဆိုးဆုံးများကို သတ်မှတ်ပါ။ ထို့နောက် ရေပန်းစားဆုံး တခုကိုဆွေးနွေးပြောဆိုပါ။

၃။ လုပ်ဆောင်ရန် ၁ က နည်းဗျူဟာ/ပုံစံအမျိုးအစားများနဲ့ ပရိသတ်စာရင်းဆီပြန်သွားပြီး အခုလုပ်ဆောင်ရန် ထွက်ပေါ်လာတဲ့ အိုင်ဒီယာတွေနဲ့အတူ ရောနှောစဉ်းစားပါ။ စည်းရုံးလှုံ့ဆော်ရေးအတွက် အောင်မြင်နိုင်ချေရှိတဲ့ ကြွေးကြော်သံ အနည်းဆုံး ၃ ခုလောက်ကို နားလည်လွယ်အောင် မြင်သာစေတဲ့ အရာတွေနဲ့ထွက်ပေါ်လာအောင် လုပ်ပါ။

၄။ ဒီနောက်တော့ လူစုခွဲပြီး တယောက်ချင်းဆီက (သို့) အဖွဲ့အနေနဲ့ လျာထားတဲ့ကြွေးကြော်သံ နှစ်ခုလောက်ကို ဘယ်လိုတုံ့ပြန်မယ့်အကြောင်း မေးမြန်းပါ။ စည်းရုံးလှုံ့ဆော်ရေးအလိုက် လက်လှမ်းမီချင်တဲ့ ပရိသတ်ပေါ်မူတည်ပြီး မိတ်ဆွေများ (သို့) သူတို့သားသမီးများကိုမေးမြန်းပါ။ အဖိုးအဖွားများဆီ သွားလည်ပါ။ ကျောင်းသားများ (သို့) အခြားအလုပ်အကိုင်အမျိုးမျိုးရှိသူများကို မေးမြန်းပါ။ မတူတဲ့လူတွေဆီက မတူတဲ့ ထောက်ပြချက်တွေနဲ့ အသိပညာတွေရှိနိုင်ပါတယ်။

ဒါကို ပိုသိအောင် လေ့လာသင့်ပါတယ်။ ဒီမက်ဆေ့ချ်နှစ်ခုနဲ့ပတ်သက်ပြီး သူတို့ဘယ်လိုခံစားရလဲ။ တခုကို တခြားတခုထက် ပိုကြိုက်ကြသလား။ ဘာ့ကြောင့်လဲ။ စည်းရုံးလှုံ့ဆော်ရေးနဲ့ပတ်သက်ပြီး ဘယ်လိုထင်မြင်လဲ။ ဒီကိစ္စထဲပါဝင်ဖို့ရော စိတ်ကူးသလား။ ဘာကြောင့်ပါချင်သလဲ။ ဘာကြောင့် မပါချင်ဘူးလဲ။ ရည်ရွယ်ချက်ကတော့ စည်းရုံးလှုံ့ဆော်ရေး အရေးကိစ္စ ပါဝင်သူဦးရေ များလာအောင် ဆောင်ရွက်ဖို့မဟုတ်ဘူး။ ဒါပေမဲ့ စည်းရုံးလှုံ့ဆော်ရေး အရေးကိစ္စ၊ ကြွေးကြော်သံနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားချက်ရှိကြသလဲ ဆိုတာ နားလည်ဖို့ဖြစ်တယ်။

ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီး သူတို့အနေနဲ့ ဖြေပေးချင်စိတ်မရှိရင် ဘယ်တဦးတယောက်ရဲ့ အချိန်ကိုမှ မိနစ်အနည်းငယ်ထက် ပိုပြီး မယူသင့်ပါဘူး။ သူတို့တုံ့ပြန်ချက်များကို ဗီဒီယိုနဲ့ မှတ်တမ်းတင်ကူးယူဖို့ ၊ တခြားအဖွဲ့တွေနဲ့ မျှဝေဖို့အတွက် ခွင့်ပြုချက်အရင်တောင်းပါ။ ဒါမှမဟုတ်ရင်လည်း ဖြေဆိုသူ လိင်၊ အသက်အရွယ်အပိုင်းအခြားနဲ့ တွေ့ဆုံရာနေရာ၊ သူတို့ ပြောဆိုချက်တွေကို မှတ်ယူထားပါ။ မက်ဆေ့ချ်နှစ်ခုနဲ့ ပတ်သက်ပြီး တုံ့ပြန်ဖြေဆိုထားသမျှကို အဖွဲ့ဆီအစီရင်ခံပါ။



TACTICAL TECHNOLOGY COLLECTIVE